**Legal Aid Society of Mid-New York, Inc.** (နယူးယောက်အလယ်ပိုင်းအဖွဲ့ရှိဥပဒေပိုင်းဆိုင်ရာ အကူအ ညီပေးသည့်အဖွဲ့အစည်း) မှကြိုဆိုပါ၏။ ကျွန်ုပ်တို့ အနေဖြင့် အခမဲ့ဥပဒေအချက်အလက်၊ အကြံဉာဏ် နှင့် ရှေ့နေငှားရန် မတတ်နိုင်သောသူများအတွက် ရှေ့နေ ကိုယ်စားလှယ်များကို ထောက်ပံ့ပေးနေပါသည်။

တရားဥပဒေအရလိုအပ်သည်များကို New York ပြည်နယ်အတွင်း၊ ဖေါ်ပြပါ ခရိုင်များတွင်ကျွန်တော်များကူညီ ဆောင်ရွက်ပေးနေပါသည်။
Broome, Cayuga, Chenango, Cortland, Delaware, Herkimer, Jefferson, Lewis, Madison, Oneida, Onondaga, Oswego, Otsego

ဥပဒေနှင့်ပါတ်သက်သည့်ထောက်ပံ့မှုဆိုင်ရာရုပ်သံဗီဒီအိုကိုကြည့်ပါ

အောက်ပါတို့မှာ ကျွန်ုပ်တို့အကူအညီပေးနိုင်မည့် ဥပဒေပိုင်း ဆိုင်ရာ ပြဿနာ သာဓကအချို့ဖြစ်ပါသည်။

–ဝယ်ယူအသုံးပြုခြင်းပစ္စည်းနှင့်ဆိုင်သောပြဿနာများ၊ ဥပမာ– အကြွေးနှင့်ဆိုင်သော ပြဿနာများ။

–အလုပ်ခန့်အပ်ခြင်းဆိုင်ရာပြဿနာများ၊ ဥပမာ– ခွဲခြားဆက်ဆံခြင်းသို့မဟုတ်တရားမမျှတသောလုပ်ခငွေများ

–ကျောင်းပြဿနာများ၊ ဥပမာ– မစွမ်းမသန်သောကလေး များအတွက်ကျောင်းတွင်သွားရောက်အကျူအညီပေးခြင်း

–မိသားစုပြဿနာများ၊ ဥပမာ– ကွာရှင်းခြင်း၊ ကလေးကိုစောင့်ရှောက်ပိုင်ခွင့်၊ ကလေးထောက်ပံ့မှု၊လင်မယား ထောက်ပံ့မှု နှင့်အိမ်တွင်းအကြမ်းဖက်မှု

– ကျန်းမာရေးအာမခံချက် သို့မဟုတ် ကျန်းမာရေးစောင့် ရှောက်ခြင်းဝန်ဆောင်မှုများဆိုင်ရာပြဿနာများ

–နေထိုင်မှုဆိုင်ရာပြဿနာများ၊ ဥပမာ–နှင်ထုတ်ခံရခြင်း၊ အိမ်အပေါင်ရှုံးခြင်း၊ နှင့်ဆိုးရွားသောအိမ်အခြေအနေ

–ပြည်သူရရှိခံစားပိုင်ခွင့်များ၊ ဥပမာ– ပုဂ္ဂလိကအကူအညီ၊ အစားအသောက်ရပိုင်ခွင့်များ၊ လူမှုရေးဆိုင်ရာလုံခြုံမှု၊ **SSI**၊ အလုပ်လက်မဲ့ဖြစ်ခြင်း နှင့်အခြားသောအကျိုးအမြတ်များ။

–လူဝင်မှုကြီးကြပ်ရေးဆိုင်ရာပြဿနာမျာ၊ ဥပမာ– အမေရိကန်နိုင်ငံသားအဖြစ်ခံယူခြင်း။

–သေတမ်းစာများ၊ ကိုယ်စားလှယ်လွှဲစာ၊ နှင့်ကျန်းမာရေးဆိုင သောလက်မှတ်ထိုးထားသည့်သက်သေခံမှတ်တမ်းစာရွက်များ

ကျွန်ုပ်တို့အနေဖြင့်ယာဉ်စည်းကမ်းဖောက်ဖျက်မှုဖြတ်ပိုင်း များအပါအဝင်ရာဇဝတ်မှုရေးရာပြဿနာများနှင့် ပတ်သတ်၍အကူအညီပေးခြင်းမရှိပေ။ အကယ်၍ ပြစ်မှုရေးရာ ပြဿနာများနှင့်ပတ်သတ်၍အကူအညီလိုအပ်ခဲ့သော် သင်နေထိုင်သည့်ပတ်ဝန်းကျင်တစ်ဝိုက်တွင်ရှိသော ပြည်သူ့ရှေ့နေများရုံးသို့ ဆက်သွယ်ပါ။

ကိစ္စအတော်များများတွင် ကျွန်ုပ်တို့သည် ဝင်ငွေနည်းသော သူများကိုသာကူညီနိုင်ပါလိမ့်မည်။ သို့ရာတွင်အကယ်၍ သင်သည်အသက်၆၀သို့မဟုတ်၆၀အထက်ဖြစ်ပါက သို့မဟုတ်အိမ်တွင်းအကြမ်းဖက်ခြင်းခံရသူဖြစ်နေပါက သင်သည်ဝင်ငွေနည်းပါးသူမဟုတ်သည့်တိုင်အောင် ကျွန်ုပ်တို့ထံမှအကူအညီများကိုရရှိနိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့၏အစီအစဉ်မှအကူအညီရရှိလိုပါကကျွန်ုပ်တို့၏ ရုံးတစ်ခုခုသို့လာရောက်နိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် သင်လာရောက်လည်ပတ်ခဲ့ပါကမျက်နှာခြင်းဆိုင်ဖြစ်စေ ဖုန်းဖြင့်ဖြစ်စေလေ့ကျင့်သင့်ကြားထားသောစကားပြန် တစ်ဦးကိုအခမဲ့ပေးအပ်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့အားခေါ်ဆိုလိုပါကလည်း **1-877-777-6152** မှတဆင့်အခမဲ့ခေါ်ဆိုနိုင်ပါသည်။ ဖုန်းလက်ခံပြောဆိုသူအလုပ်သမားအားသင်ပြောဆိုသောဘာသာစကားကိုပြောပြပါ။ ကျွန်ုပ်တို့မှစကားပြန်တစ်ဦးအားဆက်သွယ်နေချိန် သင့်အနေဖြင့် ဖုန်းထဲတွင်မိနစ်အနည်းငယ်ခန့်စောင့်ဆိုင်း ရန်လိုအပ်ပါလိမ့်မည်။

အမေရိကန်နိုင်ငံတစ်ဝှမ်းတွင်ဥပဒေပိုင်းဆိုင်ရ ရံပုံငွေ ပေးခြင်းများကိုလျှော့ချနေပါသည်။ ကျွန်ုပ်တို့ထံတွင်ဝန်ထမ်းအဖြစ်ထမ်းဆောင်နေသောရှေ့နေအရေအတွက်သည် အ ကန့်အသတ်ရှိပါသည်။
၎င်းအကြောင်းအရင်းကြောင့်ကျွန်ုပ် တို့အနေဖြင့်အကူအညီတောင်းခံသောသူတိုင်းကို
ဝန်ဆောင်မှုပေးနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့အနေဖြင့် သင်၏ကိစ္စကို မကိုင်တွယ်ပေးနိုင်သည်လည်းရှိနိုင်ပါသည်။

ကျွန်ုပ်တို့သည်အရေးပေါ်ကိစ္စဖြစ်ပေါ်သောသူများကို ဦးစားပေး၍ကူညီနေပါသည်။ အရေးပေါ်ကိစ္စသာဓကများမှာ မိသားစုအကြမ်းဖက်မှုများ၊သင်ငှားရမ်းနေထိုင်သည့်အိမ်ခန်းမှနှင်ထုတ်ခံရခြင်းနှင့်ပတ်သတ်၍တရားရုံးတွင်ကြားနာခြင်းနှင့်အကျိုးခံစားခွင့်များဆုံးရှုံး ခြင်းတို့ဖြစ်ပါသည်။အခြား
သောကိစ္စအမျိုးအစားအတွက်စောင့်ဆိုင်းရန်စာရင်းတစ်ခုကိုထားရှိနိုင်ပါသည်။

အကယ်၍ ကျွန်ုပ်တို့အနေဖြင့် သင်၏ကိစ္စကို မကိုင်တွယ် ကူညီ နိုင်ပါကသင့်ကိုအကူအညီပေးနိုင်မည့်အခြားသော ကိုယ်စားလှယ်လုပ်ငန်းများနှင့်ပတ်သတ်သော အချက်အလက်များကိုသင့်ထံသို့ပေးအပ်ပါမည်။

သင့် ဥပဒေအခွင့်အရေးများ ကို လေ့လာပါ။